
ရွှေပဒေသာစာပေ
မယ်နိုင်
အဆိပ်သင့်ပန်းများ
(အချစ်လုံးချင်းဝတ္ထုသစ်)

နှင်းဆီ…

မင်းအလှက ကမ္ဘာကျော်တယ်

ဝတ်မှုန်တွေက ခါးလွန်းလို့

ငါကြောက်တယ်…

ဒါပေမဲ့ နှစ်သက်ပါတယ်…။

ကံ့ကော်…

မင်းရနံ့က သင်းထုံလွန်းတယ်

ဝတ်မှုန်တွေက ချိုမြလွန်းလို့

ငါလန့်တယ်…

ဒါပေမဲ့ နှစ်သက်ပါတယ်…။

သဇင်…

မင်းဘဝက မြင့်မြတ်တယ်

ဝတ်မှုန်တွေက အရသာကင်းလို့

ငါမကြိုက်ဘူး…

ဒါပေမဲ့ နှစ်သက်ပါတယ်…။

ကြာညို…

မင်းအလှက အေးချမ်းတယ်

ဝတ်မှုန်တွေက ချိုဆိမ့်နေပေမယ့်

အန္တရာယ်များလို့ မခူးရဲဘူး

ဒါပေမဲ့ နှစ်သက်ပါတယ်…။

တကယ်တော့

ငါက ပိတုန်းဖြစ်နေတယ်လေ။…။

***

## အခန်း(၁)

(၅ က) စူပါဆလွန်းအဖြူရောင် ကားတစ်စီးသည် ခုနစ်ထပ် အမြင့်တည်ဆောက် ထားသော ညောင်ပင်လေးအိမ်ရာထဲမှ လျောခနဲမောင်းထွက်သွားပါသည်။ ထိုကားထံမှ ယာဉ်မောင်း၏ လေချွန်သံကို ရိုးတိုးရိပ်တိတ် မပီဝိုးတဝါးကြားလိုက်ရသည်။ ထိုလူမှာ ပျော် ရွှင်မြူးနေပုံ အထင်းသားပေါ်လွင်နေ၏ ။

ထိုကားလေသည် မိုးရေထဲပျော်မြူးနေသော ဖားတစ်ကောင်နှယ် တက်တက်ကြွကြွ ပင် တရိပ်ရိပ်ဖြတ်ပြေးသွားလေ၏ ။ မိုးသည် အဆက်မပြတ် သည်းထန်စွာရွာသန်းနေ သည်။ မိုးသံလေသံကြောင့် ပတ်ဝန်းကျင်တစ်ခုလုံးမှာ လှုပ်ရှားမှုကင်းမဲ့နေသည်။

ဘယ်အငြိုးကြောင့်မှန်းမသိသည့် ထန်နေသောမိုးသည် တအိအိပင် ဝေါခနဲဝေါခနဲ သွန်းဖြိုးနေသည်။ အချိန်အားဖြင့်မူ သန်းခေါင်ယံည ဆယ့်နှစ်နာရီတိတိဖြစ်သည်။ မြို့ကြီး ပြကြီးဖြစ်သောကြောင့် လျှပ်စစ်မီးများ

ထိန်လင်းနေခဲ့သော်လည်း တစ်ချက်တစ်ချက် လက် ခနဲလင်းသွားသော လျှပ်ရောက်အောက်တွင် တိုက်တာအဆောက်အဦကြီးများက မြို့ပျက်ကြီးတစ်ခုနှယ် ထင်းခနဲလင်းခနဲ ရုပ်လုံးကြွလာရသေးသည်။

အိမ်ရာဆိုသည့်အလျှောက် ပုံစံတူ အနိမ့်အမြင့်တူ တိုက်တန်းလျားကြီးများက မျဉ်း ပြိုင်အလား ခန့်ခန့်ထည်ထည် အလှချင်းပြိုင်နေကြသည်။

ထိုသို့ အလှချင်းပြိုင်နေကြသော တိုက်တန်းလျားကြီးများ၏ အမြင့်ဆုံးလေသာဆောင် အထပ်တွင် အဖြူရောင် အရိပ်သဏ္ဍာန်တစ်ခုကို လျှပ်ရောင်နှင့်အတူနှော၍ တွေ့လိုက်ရ သည်။ ထိုအရိပ်သဏ္ဍာန်သည် တရွေ့ရွေ့နှင့် အစွန်းနားဆီသို့ တိုးကပ်လာသည်။ တစ်စုံ တစ်ယောက်က ထိုအရိပ်သဏ္ဍာန်လေးကို ရိုက်နှက်နေပုံရသည်။

“သေစမ်း! ကောင်မ၊ သူများလင်ကို ခိုးချင်တဲ့ လင်ခိုးမ သေစမ်း!”

လက်ပွေ့အိတ်ကြီးကို လွှဲကာ မာန်ပါပါ ရိုက်နေသည်။

“အီး…ဟီး.ဟီး… တောင်းပန်ပါတယ် အစ်မရယ်”

“ဒီလောက်ရချင်တဲ့ငွေ၊ အဲ့ဒီငွေနဲ့ နင့်ကိုဖို့သတ်ဦးမယ်။ သေစမ်း! မသာမလေး၊ သေ စမ်း မိမဆုံးမ ဖမဆုံးမလေး၊ သေစမ်း!”

အဆက်မပြတ် ရိုက်နှက်နေသည်။ ထိုသဏ္ဍာန်လေးမှာ မိုးရေထဲ ကြွက်စုတ်တစ် ကောင်နှယ် မလှုပ်မယှက်။

နဖူးမှသွေးများ ယိုစီးကျလာသည်။ လက်ကိုင်အိတ်က အကောင်းစား အမာစားမျိုးမို့ ဒီလို နုနယ်သည့် အသားအရေက ခံနိုင်ရိုးလား။

“မှတ်ထား နောက်တစ်ခါဆို ဒီ့ထက်နာမယ်။ မနက်ဖြန်ကစပြီး မင်းကို ဒီနေရာမှာ မမြင်ချင်ဘူး။ ဒီစကားကို မှတ်ထားနော်။ နောက်မှ အဆိုးမဆိုနဲ့။

အယဉ်ကျေးဆုံး ပြောနေ တာနော်။ ဒါနောက်ဆုံးဖြစ်ပါစေ”

“မလုပ်ပါနဲ့ အစ်မရယ်၊ ပန်း…ဦးကို တကယ်ချစ်တာပါရှင်”

“ဖြန်း…ဖြန်း… ချစ်ဦးဟယ် … ချစ်ဦး”

လက်ဖဝါးတစ်ဖက်ကို လွှဲပြီးချပစ်သည်။

နှုတ်ခမ်းမှ သွေးများ ယိုကျလာသည်။

မိုးကာအကျႌ အနီရောင်ဝတ်ထားသော ထိုအမျိုးသမီးကြီးမှာ အားပါးတရပင် စိတ် ကျေနပ်သည်အထိချပြီးမှ ထိုနေရာမှ ချာခနဲ လှည့်ထွက်ခဲ့သည်။

ထိုအရိပ်ဖြူလေး ငိုကြွေးနေခဲ့သည်။ ထိုရှိုက်သံများကိုလည်း မိုးကာအနီရောင်ဝတ် အမျိုးသမီးကြီး ကြာနေရပါသည်။ ရင်ထဲ၌ မသက်သာပါ။ လေ့ကားအတိုင်း ပြေးဆင်းလာ ခဲ့သည်။ ဒီပြဿနာကို ဒီနေ့ရှင်းရပေလိမ့်မည်။ ဒီပြဿနာကို ဒီနေ့ အပြတ်ရှင်းရလိမ့်မည်။

“အား…ဘုတ်”

အော်သံကြီးက စူးဝါးကျယ်လောင်စွာ ထွက်ပေါ်လာပြီး တစ်ခုခုပြုတ်ကျသံကိုပါ တစ်ဆက်တည်းကြားလိုက်ရ၍ ကားတံခါးဖွင့်နေသော လက်တစ်ဖက်က တုံ့ခနဲ ရပ်သွား သည်။ နောက်ပြန်လှည့်ကြည့်လိုက်သည်။

သူမ ခြောက်ခြားစွာ တုန်လှုပ်သွားရသည်။

“ဘုရား…ဘုရား”

သူမ ဆတ်ဆတ်တုန်ယင်နေပါသည်။ နေရမှ ရွှေ့ဖို့ကြိုးစားနေပေမယ့် မအောင်မြင် ပါ။ ပထဝီမြေကြီးက သူမခြေထောက်များကို ရွှေ့ခွင့်မပေးပါချေ။ မြင်နေရသော မျက်လုံး များကို ပိတ်ပစ်မိ၏ ။

သွေးအိုင်ထဲ လဲနေသော အဖြူရောင်အရိပ်ကလေး ဖြစ်သည်။ ထိုအရိပ်သဏ္ဌာန် လေးမှာ နည်းနည်းမျှ မလှုပ်တော့ပါ။

"သေသွားပြီလား ... သေများသွားပြီလား ..."

ခေါင်းမှသွေးများ သွန်ချလိုက်သလို ဖြာထွက်လာသည်။ ထိုသွေးများက မိုးရေနှင့် အတူ စီးမျောနေသည်။

သူမ မှင်တက်နေမိရာမှ သတိဝင်လာကာ အနီရောင်ကားလေးအပေါ် ပြေးတက်ပြီး ဒရကြမ်းမောင်းထွက်ခဲ့တော့၏ ။

မိုးသည် သန်းထန်စွာ ရွာဆဲဖြစ်သည်။

လျှပ်ရောင်သည် ကောင်းကင်ယံ၌ ဖြတ်ပြေးနေဆြဲဖြစ်သည်။ လေမင်းသည် တဝေါ ဝေါ တိုက်ခတ်ဆဲဖြစ်သည်။ လေသံမိုးသံကြားတွင် ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက်နေဆဲ ဖြစ်သည်။

***

# အခန်း(၂)

(၅ က) စူပါဆလွန်း အဖြူရောင်လေး ဆင်ဝင်တွင် ထိုးရပ်လိုက်၏ ။

"ကို… ဒီနေ့စောသားပဲ"

သူ့ ကားပေါ်မှ ဆင်ဆင်းချင်းပင် ဇနီးသည်က ထွက်ကြိုနေပါပြီ။

"တစ်ရက်တလေ မိန်းမရဲ့မျက်နှာကို စောစောထိုင်ကြည့်ချင်သေးတာပေါ့"

"သိပ်တတ်တာပဲ၊ ဘယ်ဇာတ်ညွှန်းရေးဆရာရဲ့ ဒိုင်ယလော့ခ်တွေ ကျက်လာတာလဲ"

"ရင်ထဲကပါဗျာ၊ ကျက်မလာရရိုးအမှန်ပါ။ ဒါနဲ့ သမီးရော"

"ရှိပါရှင်…ရှိပါ။ ကို့ကို စောင့်နေတယ်"

သူ့လက်ထဲမှအိတ်ကို ဇနီးသည်ထံလှမ်းပေးပြီး ဇနီးသည်၏ ပါးကို ရွှတ်ခနဲမွှေးကြူ ကာ အိမ်ထဲဝင်လာပါသည်။

"သမီးရေ … သာဂီဂီရ၊ ဖေကြီးပြန်လာပြီ"

ထိုသို့ အသံပြုလိုက်တယ်ဆိုလျှင်ပဲ ငါးနှစ်အရွယ်သမီးလေးက ပြေးထွက်လာပြီး သူ့ကိုယ်ပေါ် ကုပ်ကပ်တွယ်တက်လာလေ၏ ။ သူကလည်း ရှုမငြီးသည့် ချစ်သမီးလေးကို ပွေ့ဖက်ကာ မွှေးကြူလိုက်သည်။

"ဟွန်း … ခုမှပဲ အမောပြေတော့တယ်။ ဖေကြီးကို မွှေးပါဦးကွာ"

သူက ထိုသို့ချွဲတော့ သမီးက သူ၏ ပါးပြင်ကို

ဘယ်ပြန်ညာပြန်အနမ်းပေး၏ ။

“ကဲကဲ… ဒီသားအဖနှစ်ယောက် အလွမ်းသည်မနေကြနဲ့။ ကိုက ရေချိုးပါ။ ပြီးရင် ထမင်းစားကြရအောင်။ လက်ဆုံမစားရတာ ကြာနေပြီ။ သမီးကလည်း စာသင်ရဦးမယ် လေ”

သမီးကို ချီထားရာမှ ချပေးလိုက်သည်။ သမီးက အပေါ်ထပ်သို့ ပြေးတက်သွား၏ သမီး၏ ပညာရေးကို ရှေးရှုသောအားဖြင့် ဆရာမကို အနီးကပ်ခေါ်ထားပြီး ညအိပ်ညနေ စောင့်ရှောက်စေခြင်းဖြစ်သည်။

“ကိုယ် ရေချိုးပြီးပြီ တက်ဂီ”

ဂီရကို သူမ စူးစမ်းသလိုကြည့်သည်။ ဂီရ၏ မျက်နှာက လန်းဆန်းနေသည်ကို သတိ ပြုမိ၏ ။

“ရေကူးကန်မှာ ချိုးခဲ့တာ၊ အောင်မြင်စွာပြီးဆုံးခြင်း အမှတ်တရအနေနဲ့ ရေကူးခဲ့ကြ တယ်”

“တစ်မျိုးကြီးပါလား”

“နောက်ဆုံးရိုက်တဲ့ Scene က ရေကူးကန်မှာလေ။ ဘုရားဖူးရင်း လိပ်ဥတူးရင်းဆိုပါ တော့”

“သြော် … ဒီလိုလား။ စားတော့ရော”

“ဟင့်အင်း … တက်ဂီနဲ့အတူစားချင်လို့ ဘာမှဗိုက်ထဲ ထည့်မလာခဲ့ဘူး”

သူမကျေနပ်သွားပါသည်။ တစ်ပတ်လောက် ဆယ့်နှစ်နာရီထိုးမှ အိမ်ပြန်သည့်ကိုစွ ကိုပင် ဗွေမယူချင်တော့ပါ။ သူမကိုယ်တိုင် ထမင်းနှင့်ဟင်းကို ခူးခပ်ပြင်ဆင်ပေးသည်။

“ကိုယ် အရမ်းမဆာဘူး၊ ထမင်းနည်းနည်းပဲထည့်”

“သောက်လာပြန်ပြီလား”

“နည်းနည်းပါ၊ သမီးရော စားပြီးပြီလား”

“အချိန်ကိုလည်း ကြည့်ဦးလေ၊ ခြောက်နာရီခွဲနေပြီ။ ငါးနာရီထိုးရင်ပဲ နောက်ဆုံး ကျွေးတာလေ”

“သမီးကျောင်းသွားရတာ အဆင်ပြေရဲ့လား၊ ငိုသေးလားဟင်”

“ခုတော့ ဂျီမကျတော့ပါဘူး ကိုယ်ရယ်၊ ကျောင်းမှာ သူငယ်ချင်း ကောင်လေး တစ် ယောက်တော့ ရနေပြီလေ။ ကလေးက ရည်ရည်မွန်မွန်လေးနဲ့ ချစ်ဖို့ကောင်းတယ်”

“ဟ ကျောင်းဖွင့်တာ တစ်လပဲရှိသေးတယ်လေ၊ မြန်လှချည်လား”

“မြန်ဆို ကိုရယ်၊ အမေချင်းက ခင်ကြတော့ သားသမီးပါ အခင်မြန်သွားတာပေ့ါ”

“တက်ဂီရဲ့ သူငယ်ချင်းသားလား”

“မဟုတ်ပါဘူး၊ ကျောင်းကြိုရင်းပို့ရင်းနဲ့ မျက်မှန်းတန်းမိပြီး ခင်ကြတာ။ သိပ်စိတ်ရင်း ကောင်းတာ သိလား။ မျက်နှာလေးကချိုပြီး အပြုံးက အေးချမ်းတယ်”

“လွယ်လှချည်လား၊ ခဏလေးနဲ့ တစ်ဖက်သားကို ဒီလောက်ယုံသွားတယ်ပေ့ါ။ သတိလည်းထားဦးနော်”

ပြောပြောဆိုဆိုပင် ဟင်းရွက်စိမ်းကြော်ကို ဘယ်လက်ဖြင့်ခပ်ကာ ပန်းကန်ပြားထဲ ထည့်လိုက်သည်။

“ကို, တစ်ရက်တလေ အချိန်ယူပြီး သမီးကို အတူတူကြိုကြရအောင်လား”

“ပေါက်ပေါက်ရှာရှာ တက်ဂီရယ်၊ ဒါတွေက အားတဲ့လူတွေ

လုပ်တဲ့အလုပ်ပါ။ ကိုယ် က အားမှ မအားတာ”

“သိပါတယ် သိပါတယ် .. ပြောမိတာကိုက တက်ဂီမှားတာပါ”

“ဟော စိတ်ဆိုးသွားပြန်ပြီလား”

“မဆိုးပါဘူး”

“ဆိုးလို့ကတော့ မွှေးမွှေးပေးပစ်မယ်”

“ကိုနော်”

သူမပါးအို့လေးများ နီရဲလာရသည်။ ဒါကိုပဲ သူသဘောကျပြီး တဟင်းဟင်းရယ်နေ သေးသည်။

“အိမ်ထောင်သက်ပဲ ခြောက်နှစ်ရှိနေပြီ တက်ဂီရယ်။ ရှက်နေသေးတယ်”

ချစ်ဇနီးကို ချစ်စနိုးလေး စနောက်မိပြန်၏ ။

“ကို အလုပ်တွေ အဆင်ပြေရဲ့လား”

“စျေးကွက်က အရင်ကလိုမဟုတ်တော့ နည်းနည်းရုန်းရတာ ပေ့ါ။ ဒီကြားထဲ လေပွေ က စျေးတက်ချင်နေတယ်။ သူက အက်တာကောင်းလေ စျေးကွက်အရှိဆုံးမင်းသားဆို တော့လည်း ငြင်းမရတော့ဘူးပေါ။ သူတောင်းသလောက်ပေးရမှာပဲ၊ ရိုက်ရက်ပေးတာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ။ ဒါနဲ့ တက်ဂီရဲ့ အလုပ်တွေရော အဆင်ပြေရဲ့လား”

“ပြေပါတယ်၊ ဒီတစ်ခါ ရုပ်သံဇာတ်လမ်းတွဲအတွက် စပွန်ဆာပေးဖို့ စိတ်ကူးထား တယ်”

“ဝှိုင်းပြီးပြီလား”

“အင်း … ကို, ဂပြီလား၊ ထည့်ပါဦး”

“တော်ပြီ၊ ဒီလောက်ပဲ။ အဂစားပစ်ရင် ရေသောက်လိုက်တာနဲ့ ဗိုက်က

လေးပြီး မထ ချင်ဘူး”

ပြောပြောဆိုဆိုပင် ရေတစ်ခွက်သောက်ကာ ထရပ်ပြီး ခါးကြားမှဖုန်းကိုထုတ်သည်။ ဖုန်းနံပါတ်ကို နှိပ်ရင်းပင် ဧည့်ခန်းထဲသို့ ဝင်သွား၍ သူမက စားလက်စကို အပြီးသတ်သည်။ ပန်းကန်ပြားများကို ဘေစင်တွင် ဆေးကြောလိုက်သည်။

“တက်ဂီ”

သူမ ပန်းကန်ဆေးနေစဉ်တွင် သူရောက်လာပြန်သည်။

“တက်ဂီ…လို့”

ပြောပြောဆိုဆို သူမကိုယ်လေးကို နောက်မှသိုင်းဖက်လိုက်သည်။

“ကို, ဘယ်လိုလုပ်တာလဲ၊ သမီးမြင်သွားဦးမယ်”

“မမြင်ဘူး။ သမီးအိပ်ပျော်သွားပြီ။ ဆရာမတောင် သူ့အခန်းထဲမှာ ကိုရီးယားကား ကြည့်နေပြီ”

သူမပြုံးလိုက်သည်။

သူမ သူမ၏ လည်ကုပ်တစ်ဝိုက် နမ်းရှိုက်ပါ၏ ။

“ကို ဒီနေ့ ဘာဖြစ်နေတာလဲ”

“လွမ်းနေတာ”

“ကိုနော်”

“အရမ်းမွှေးတာပဲ၊ ရေမွှေးပြောင်းသုံးနေတာလား”

“ကိုနော်… ဘယ်လိုဖြစ်နေတာလဲ၊ အမြဲသုံးနေကျ ရေမွှေးပဲလေ။ တက်ဂီအစွဲကြီး တတ်မှန်း သိရဲ့သားနဲ့”

သူက သူမကို ပိုတိုးဖက်လာသည်။ ပန်းကန်ဆေးနေသော သူမ၏
လက်များကို ဆုပ် ကိုင်လာသည်။ သူမလက်ထဲမှ ပန်းကန်တွေကို
ဘေစင်ထဲထည့်လိုက်သည်။

"ကို...ပြီးအောင်ဆေးရဦးမယ်လေ"

သူမကို သူ ပန်းကန်ဆေးခွင့်မပေးတော့ပါချေ။

သူမ သူ့ကို သိပ်ချစ်ပါသည်။

ရင်ထဲက ချစ်ပါသည်။

သူသာ သူမရဲ့ကမ္ဘာပါ။ သူ့အရိပ်ကသာ သူမဘဝကို
လုံခြုံနွေးထွေးစေရတာ ပါ။

သူ့ကို သိပ်ချစ်နေမိပါသည်။

***

# အခန်း(၃)

“သားလေး မပြီးသေးဘူးလား”

သူမ၏ လေ့ကျင့်သင်ကြားပေးမှုကြောင့် ငါးနှစ်ကျော်ကျော်သာ ရှိသေးသည့်သားက ကျောင်းဝတ်စုံကို မိမိဘာသာ ဝတ်ဆင်တတ်ရုံမက ကျောင်းစာအုပ်နှင့် ကျူရှင်စာအုပ် ကိုပင် ခွဲခြားတတ်နေပါပြီ။

သူမနာမည်က လေနုအေးဖြစ်၏ ။ ကိုယ်ခန္ဓာအလှသင်တန်းနည်းပြဖြစ်သည်။ အလှ သင်တန်းနည်းပြဆိုပေမယ့် ဝတ်စားဆင်ယင်ပုံမှာ ဟော့ဟော့ရမ်းရမ်းမရှိဘဲ လုံချည်၊ ဗမာ အကျႌဖြင့်ပင် ရိုးရိုးလေး ယဉ်နေ၏ ။ အဆီပိုမရှိသော ကိုယ်ခန္ဓာမှာ ပေ့ါပေ့ါပါးပါးလေး ယိမ်းနွဲ့နေသည်။ ကလေးတစ်ယောက်အမေပါလို့ ဘုရားစူး ကျိန်ပြောရမလောက်ပင် အပျိုရှုံး အောင် လှနေသေးသည်။

အသားလေး ဖြူဝင်းအောင်မလှပေမယ့် ညိုစိမ့်စိမ့်လေးနှင့် ဝင်းဖန့်နေသည်။ ကျော လယ်ခန့်ဆံပင်ကို ကပိုကယိုလေး ထုံးဖွဲ့ထားသည်က သူမ၏ စတိုင်လ်ဖြစ်၏ ။

“သားရေ၊ မေမေ အကုန်ပြင်ဆင်ပြီးနေပြီနော်”

ထိုသို့ အသံပြုလိုက်သောအခါ ကျောပိုးအိတ်အပြာလေးနှင့် ကလေးငယ် ထွက်လာ ခဲ့သည်။

“မေမေ၊ သားနာရီ ပျောက်နေတယ်”

“မေ့တတ်ရန်ကော သားရယ်၊ မနေ့ကပဲ သား သာဂီဂီရကို ပေးခဲ့တယ်

မဟုတ်လား”

သူမက ထိုသို့ အစဖော်တော့မှ သားက သတိရသွားပုံနှင့်…

“သား မေ့သွားတယ်”

“ကဲကဲ…သွားကြရအောင်၊ ကားလမ်းတွေ ပိတ်မှာနဲ့ နောက်ကျနေလိမ့်မယ်”

သားအမိနှစ်ယောက်မှာ ချိုင့်ကိုယ်စီနှင့် အိမ်ထဲမှထွက်လာကြသည်။ ကွန်ဒိုတိုက် ခန်းမို့ အိမ်တံခါးကို သေသေချာချာပင် သော့ခတ်ခဲ့ပြီးမှ ဓာတ်လှေကားဖြင့် ဆင်းလာကြ၏။ ကားအပြာလေးပေါ် သားအမိနှစ်ယောက် တက်လိုက်သည်။ သူမ ကားစက်နှိုးလိုက်သည်။ အသံက တဂျစ်ဂျစ်နှင့် ရပ်သွားသည်။

“သားရယ်၊ ကားက ပညာပြပြီနဲ့တူတယ်။ ကဲ နောက်ကျလိမ့်မယ် တက္ကစီနဲ့သာ သွားကြစို့”

ပြောပြောဆိုဆိုပင် သားအမိနှစ်ယောက်မှာ လမ်းမကြီးပေါ်တက်ပြီး အငှားယာဉ် တားရတော့၏။ မနက်ခင်းပိုင်းမို့ အငှားယာဉ်များမှာလည်း ခရီးသည်ပါနေ၍ အခက်ကြုံနေ ရသည်။ ထိုစဉ်…

“ဒွန်းဝီရ…”

အသံစာစာလေးတစ်ခုကို မထင်မှတ်ဘဲ ကြားလိုက်ရသည်။ ထိုအသံနှင့်တစ်ပြိုင် နက် သူမတို့ရှေ့သို့ ကားနီလေးတစ်စီး ဆိုက်ရောက်လာ၏။

“ကားငှားနေကြတာလား”

“ဟုတ်တယ် နန်းတက်ဂီရေ့”

“တက်လေ၊ လမ်းကြောင်းတူတာပဲ”

"အားနာစရာတော့ ဖြစ်ကုန်ပါပြီ"

"အမယ်လေး ပြောစရာလား လေနုအေးရယ်။ အချင်းချင်းတွေပဲ"

နန်းတက်ဂီ၏ ဖိတ်ခေါ်မှုကြောင့် လေနုအေးတို့သားအမိမှာ ထိုကားပေါ်သို့ ပါလာရ ပြန်သည်။ လေနုအေးက နန်းတက်ဂီ၏ ဘေးတွင် ထိုင်လိုက်သည်။ နောက်ခန်းထဲတွင် အင်မတန် ချစ်စရာကောင်းလေး သမီးလေး သာဂီပီရနှင့် သား ဒွန်းပီရတို့ အတူရှိနေကြ သည်။

"ကားက ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းမသိပါဘူး၊ နှိုးလို့မရတော့လို့။ ဆီမလိုက်ဘူးဖြစ်နေတယ်"

"မလေနုအေးတို့ သားအမိနှစ်ယောက်တည်းလား။ စိတ်မရှိနဲ့နော်၊ ခင်ပွန်းအကြောင်း ပြောသံ မကြားဖူးလို့ပါ"

"သားအဖေက ရှိပါတယ်၊ သူက သိပ်အလုပ်များတယ်လေ"

"တက်ဂီရဲ့ လူလိုပဲနေမှာပေါ့။ မိသားစုကို သိပ်အချိန်မပေးနိုင်ဘူး"

အမျိုးသမီးနှစ်ယောက်လုံး အတွေးကိုယ်စီနှင့် ပြုံးမိကြပါသည်။ ထိုအပြုံးတွင် သက် တောင့်သက်သာဟန်ပန်ကိုမူ မတွေ့ကြရပါချေ။

"ဒွန်းပီရတဲ့၊ နာမည်လေးက လှတယ်နော်"

"သားအဖေရဲ့ ငယ်နာမည်က ဒွန်းလေ၊ ပီရကတော့ နာမည်အရင်းလေ"

"ပီရ... ဟုတ်လား၊ တိုက်ဆိုင်လိုက်တာ။ တက်ဂီရဲ့ အမျိုးသားနာမည်ကလည်း ပီရပဲ"

"ဟင်းဟင်း...အံ့ဩစရာပဲနော်၊ ဒါကြောင့် သမီးလေးနာမည်က သာဂီပီရဖြစ်နေတာ လေ"

"ဟုတ်ပ့ါ၊ တိုက်တိုက်ဆိုင်ဆိုင်။ ဒါနဲ့ မလေနုအေးရဲ့

အသက်ဘယ်လောက်ရှိပြီလဲ”

“သုံးဆယ်နှစ်ပါ”

“ဟင် ဒါဆို တက်ဂီထက် နှစ်နှစ်ကြီးတာပဲ၊ တက်ဂီကတော့ သုံးဆယ်လေ။ နှစ်ဆယ့်လေးနှစ်နဲ့ အိမ်ထောင်ကျတာလေ”

“ဒါဆို အိမ်ထောင်သက်ခြောက်နှစ်ပေ့ါ။ ကျွန်မနဲ့သိပ်မကွာဘူးပဲ။ ကျွန်မလည်း ခြောက်နှစ်ထဲမှာပဲ”

“ဘယ်လထဲမှာလဲ၊ လပါတူရင်တော့ မင်္ဂလာနှစ်ပတ်လည်ကို တစ်ပေါင်းတည်း ကျင်းပကြရအောင်လေ”

“ဇန်နဝါရီ နှစ်ဆယ့်ရှစ်ပါ”

“ဒါဆိုရင်တော့ မလေနဲ့အေးက စီနီယာကျသွားပြီပေ့ါ။ တက်ဂီက မေလထဲ မေနှစ် ဆယ့်သုံး”

“သိပ်မကွာဘူးဘဲ”

“ဘယ်ဘဂက ရေစက်မှန်း မသိဘူးနော်၊ တိုက်ဆိုင်နေတယ်”

ကားမောင်းနေသော နန်းတက်ဂီကို သူမငေးနေဖြစ်၏ ။ ဆံပင်ခွေလိပ်လိပ်များက မျက်နှာပေါ် စနစ်တကျလေး ကပိုကရိုကျနေ၏ ။ ဖြူနုပြောင်ဝင်းနေသော မျက်နှာလေးမှာ ချမ်းသာသော အသိုင်းအဝိုင်းမှ ဆင်းသက်လာပုံမျိုး အထင်းသားပေါ်လွင်နေ၏ ။ နှုတ်ခမ်း တစ်လွှာမှာလည်း ဆေးမကူဘဲ နီရဲစို၍နေသည်။ ဒီဇိုင်နာမို့လားတော့မသိပါဘူး။ ဝတ်ပုံစား ပုံမှာ အင်မတန် ဖက်ရှင်ကျပြီး ဆွဲဆောင်မှုရှိနေသည်။

“အစ်မ၊ တက်ဂီကို ကြည့်နေတာ ကြာပြီ”

“ဟင်းဟင်း…အားနာစရာတွေဖြစ်ကုန်ပြီ”

"ဘာလဲ၊ တက်ဂီက ချောနေလို့လား"

ရွှတ်နောက်နောက်လေး ပြောလာသည်။ ထိုသို့စကား အသွားအလာအရတော့ နန်းတက်ဂီက သူမကို ခင်မင်နေပြီဆိုသည့် သဘောမျိုး သက်ရောက်သည်။

"တက်ဂီရဲ့ အမျိုးသားက သိပ်ကံကောင်းတာပဲ၊ တက်ဂီက လိမ္မာပါးနပ်တယ်၊ ချော တယ်၊ ပညာတတ်တယ်၊ အလုပ်အကိုင်ကောင်းတယ်။ ပြီးပြည့်စုံနေတယ်"

"အစ်မလို့ပဲခေါ်မယ်နော်၊ အစ်မကလည်း ဘာထူးသေးလို့လဲ၊ ချောတာပဲ။ တက်ဂီက ကိုယ်ခန္ဓာမှာ အဆီရှိနေသေးတယ်။ အစ်မကတော့ အပျိုရှုံးလောက်တယ်။ ချပ်ရပ်နေတာ ပဲ။ ယဉ်စစလေးနဲ့ ချစ်ဖို့ကောင်းတယ်။ တက်ဂီက အစ်မခင်ပွန်းသာဆို အစ်မကို ငုံထား မတတ် ချစ်မိမှာပဲ"

"ဒီလောက်မြှောက်နေရင် ဘာစားမလဲပြော"

"တကယ်ပြောတပါ၊ အစ်မနဲ့ပြောရဆိုရတာ ပျော်စရာကောင်းတယ်။ လွတ်လပ်ပေါ့ ပါးတယ်။ တက်ဂီမှာက သူငယ်ချင်းမရှိဘူး။ တက်ဂီက အင်္ဂလန်မှာကြီးလာတာလေ။ ခုတောင် ကိုနဲ့ အိမ်ထောင်ကျမှ ဒီမှာနေခွင့်ရတာ "

"တက်ဂီက နိုင်ငံခြားသွေးနှောလို့လား"

"မဟုတ်ပါဘူး။ မြန်မာစစ်စစ်ပါ။ မိသားစုက ဟိုမှာနေတာလေ။ ဒါပေမဲ့ မြန်မာချင်း ချစ်ခင်စိတ်က မပျောက်ဘူး။ ကြာရင် လူဖြူတွေနဲ့ ရကုန်မှာစိုးလို့ ဒီလိုအရွယ်ကောင်းချိန်မှာ သူနဲ့ အတင်းပေးစားကြတော့တာပဲ"

"ပေးစားတယ်"

"ဟုတ်တယ် အစ်မရယ်၊ ပြောပြရင် ရုပ်သံဇာတ်လမ်းတွဲဖြစ်ကုန်မယ်။ သူနဲ့တက်ဂီ က အပြင်မှာ တစ်ခါမှမတွေ့ဘူးဘဲ ညားကြတာပဲ"

“အယ် အဆန်းပါလား”

“သူနဲ့ရတော့မှပဲ တက်ဂီလည်း ဒီကိုပြန်လာပြီး အထည်ဆိုင်ဖွင့်၊ ပြီးတော့ သင်ထား တဲ့ပညာလေးနဲ့ ဒီဇိုင်နာလာလုပ်နေတာပဲ”

“အရောင်းအဝယ်ကောင်းတယ်မဟုတ်လား”

“ဆိုးတော့ မဆိုးပါဘူး”

“လူပြောများပါတယ်၊ နန်းတက်ဂီဆိုင်က ဒီဇိုင်နာ နန်းတက်ဂီအကြောင်းပေ့ါ”

“ခေါင်းမာပြီး တစ်ယူသန်တယ်ဆိုတဲ့ အကြောင်းလား”

“မဟုတ်ပါဘူး ... သတင်းမွှေးပါ”

“တက်ဂီအကြောင်းပဲပြောနေရတာ အစ်မအကြောင်းရော ပြောပါဦး။ ဒါမှ အပြန် အလှန် တရားမျှတပြီး ပွင့်ပွင့်လင်းလင်း ခင်လို့ရတာ ပေ့ါ”

“တက်ဂီကိုခင်တဲ့အထဲမှာ အဲဒီ လို ရဲတင်းပွင့်လင်းမှုက ထိပ်ဆုံးကပါတယ်”

“ရေစက်ပေ့ါ အစ်မရယ်။ တက်ဂီလည်း အစ်မကို ခင်တယ်”

“တက်ဂီက နိုင်ငံခြားမှာသာကြီးပြင်းတယ်။ မြန်မာမှုမပျောက်ဘူးနော်”

“ပျောက်စရာလား အစ်မရယ်၊ မန္တလေးသူ စစ်စစ်ပေ့ါ”

“ကျွန်မလည်း မန္တလေးသူပဲ၊ ကျုံးဘေးမှာနေတယ်”

“ဟုတ်လား... ဝမ်းသာစရာပဲ”

“ဆယ်တန်းလည်း မန္တလေးမှာပဲအောင်တယ်၊ သူနဲ့ကလည်း အဲဒီ မှာပဲဆုံတာ။ ကျွန်မ တို့အတွဲက ငယ်ကျွမ်းတွေလေ။ ဆယ်တန်းကတည်းက ကြိုက်ကြတယ်ဆိုပါတော့။ တက္က သိုလ်တက်တော့ ကွဲသွားကြတယ်၊ ကျောင်းပြီးမှ

မထင်မှတ်ဘဲ ပြန်ဆုံပြီး လက်မှတ်ထိုးဖြစ် သွားတာ”

“သြော်…အားကျစရာပဲ၊ တက်ဂီလည်း အဲဒီ လို ဇာတ်လမ်းမျိုး ရှိချင်လိုက်တာ။ ခုတော့ တက်ဂီဘဝမှာ စာချည်းစာဖြစ်နေပြီး သူနဲ့ဆုံ၊ သူနဲ့ရပဲ။ ရည်းစားလေးတောင် မဖြစ် လိုက်ရပါဘူး”

“ကောင်းတာပေါ့ တက်ဂီရယ်၊ အဲဒါ တက်ဂီကံကောင်းတာပေါ့၊ အချစ်က ပူလောင် တယ် တက်ဂီရဲ့၊ ချစ်နေရတာ ပူလောင်တယ်”

“ဒါပေမဲ့ အဲဒီ အချစ်ထဲမှာပဲ အစ်မပျော်နေတယ်မဟုတ်လား”

“မပြောတတ်တော့ပါဘူး တက်ဂီရယ်၊ မရှိမကောင်း ရှိမကောင်းဆိုတဲ့အထဲမှာ အဲဒါ လည်း ပါတယ်။ သြော်…ဒါနဲ့ မေ့ပြန်တော့မလို့၊ ဒီမှာ လိပ်စာကတ်၊ တက်ဂီ အချိန်ရရင် လှည့်လာခဲ့လေ”

“ဒါက သင်တန်းခန်းမလား”

“အင်း…ကိုယ်ခန္ဓာအလှလေ၊ ပြီးတော့ ယောဂလည်းပါတယ်”

“အတော်ပဲ၊ တက်ဂီလည်း ယောဂကျင့်ချင်နေတာလေ၊ စိတ်ရောကျန်းမာရေးရော အလှအပအတွက်ပါ ယောဂက အဆင်ပြေတယ်”

“ဖိတ်ခေါ်ပါတယ်ရှင်၊ အချိန်မရွေးလာပါ”

ဟုဆိုတော့ နန်းတက်ဂီလည်း သူမထံ လိပ်စာကတ်လှမ်းပေးသည်။ သူမ လိပ်စာ ကတ်ကို ဖတ်လိုက်သည်။ ဒီဇိုင်နာ နန်းတက်ဂီတဲ့လေ။

“အချိန်မရွေးလာနော် အစ်မ၊ အစ်မကို တက်ဂီပို့ပေးမယ်လေ”

“ရပါတယ်၊ ကလေးတွေကိုပို့ပြီးရင် ကျွန်မ တက္ကစီနဲ့ပဲသွားပါ့မယ်။ ခုလိုခေါ်ပေးတာနဲ့ တင် ကျေးဇူးတင်နေပါပြီ”

“အစ်မ လေစိမ်းတွေတိုက်နေပြီနော်”

နန်းတက်ဂီက ရွှတ်နောက်နောက်ပြောတော့ နှစ်ယောက်သား ရယ်မိကြသည်။

အမေချင်း ခင်သွားကြတော့ ကလေးချင်းမှာ ပြောစရာပင်မလိုတော့ချေ။ ဒွန်းဂီရ ရော သာဂီဂီရပါ စာအုပ်တစ်အုပ်တွင် ခေါင်းချင်းဆိုင်ကာ ခဲတံနှင့် ပန်းချီပုံ ရေးခြစ်နေကြ သည်။

ထိုပုံက ယောက်ျားတစ်ယောက်ပုံဖြစ်သည်။ ဖေဖေတဲ့လေ။

***

## အခန်း(၄)

"ကဒ်..."

ဒါရိုက်တာက အော်လိုက်သည်နှင့်တစ်ပြိုင်တည်း မီးရောင်များ မှောင်သွားရသည်။ ရှုတင်တစ်ခုလုံးမှာ ရိုးတိုးရိပ်တိတ် ဖြစ်သွားသည်။

"မကြိုက်ဘူး၊ ဆက်လုပ်မယ်။ လေပွေက လျှော့နေတယ်။ ဒါ ဇာတ်တစ်ခုလုံးရဲ့ Tamop အမြင့်ဆုံးအခန်းပဲ။ ဒီဇာတ်မှာ မင်းက ဗီလိန်၊ ဟုတ်ပြီနော်၊ ပြန်စမယ်။ အက်ရှင်... ဝမ်း ... တူး ... ဂိုး ..."

စိတ်ရောကိုယ်ပါနှစ်ပြီး ကြိုးစားနေရှာသော ဒါရိုက်တာ ကိုလေးလွင်ကို သူ ဖိမ်ယူ ကာ ကြည့်နေမိသည်။ မှန်ပါသည်။ သူက ထုတ်လုပ်သူ ဂီရဖြစ်သည်။ သူက ရုပ်ရှင်ဗီဒီယို ထုတ်လုပ်ရေးကုမ္ပဏီတစ်ခုကို တည်ထောင်ထားသူဖြစ်သည်။ သုံးဆယ့်နှစ်နှစ် ဆိုသော အရွယ်သာ ရှိသေးပေမယ့် အောင်မြင်မှုတစ်ခုကို မှတ်တိုင်ထူထားနိုင်သောကြောင့် ဒီလောက ထဲတွင် သူက ဦးဂီရ၊ ကိုဂီရ ဖြစ်နေသည်။

ထုတ်ဝေသူတစ်ယောက်ဖြစ်သော သူက တစ်နေကုန်ပင် မနားရပါချေ။ ရှုတင်လိုက် ရ၊ တည်းဖြတ်သောနေရာကိုလိုက်ရ၊ နာမည်ကြီးအက်တာတွေနှင့်ချိတ်ရ၊ အစည်းအဝေး တက်ရ၊ ပုဂ္ဂိုလ်အရေး ဝါသနာအရပါ ကလပ်သွားရ၊ ဘီယာသောက်ရနှင့် တစ်နေကုန်နေ လို့ အားလပ်ချိန်က ဆယ့်နှစ်နာရီမပြည့်ပါချေ။

"ဦး ... အန်ကယ်လေး"

ခေါ်သံနှစ်သံကြောင့် သူ လှည့်ကြည့်လိုက်သည်။ ချောမောလှပသော

ဆယ်ကျော် သက်မိန်းကလေးများကို တွေ့ရ၏။

"သြော်…ပို့ကြည်ဘတို့ပါလား၊ လာလေ"

ဟု အသံပြုလိုက်သည်နှင့်တစ်ပြိုင်နက် ရှုတင်မန်နေဂျာအဖွဲ့ဝင်များက ခေါက်ထိုင်ခုံ များကို ခင်းကျင်းပြီးနေပါပြီ။

"ဘာသောက်မလဲ၊ Coat နှစ်ဘူးပေးပါ"

မိန်းကလေး ချောချောလေးများကိုဆို သဘောကောင်းတတ်သောသူက လောကွတ် လုပ်နေသေး၏။ သူ့အကြိုက်လိုက်သော တပည့်ကျော်ကြီးများကလည်း ချက်ချင်းဆိုသလို Coat နှစ်ဘူးကို ကမ်းလာ၏။

"ရော့…သောက်ကြဦး"

"အန်ကယ်လေးက သိပ်သဘောကောင်းတာပဲ"

"ဒီလို မြှောက်နေပုံထောက်ရရင် တစ်ခုခုလုပ်ပေးရတော့မယ်ထင်တယ်"

"အန်ကယ်လေး၊ သမီးတို့ကိုလည်းခေါ်သုံးပါဦး"

"ထားပါတော့၊ ပို့ကြည်ဘကသိတော့ ထားပါတော့၊ သူလေးက ဘယ်သူလဲ"

"သြော်…မိတ်ဆက်ပေးရဦးမယ်၊ သူက ပန်ခီပယ်တဲ့၊ မျက်နှာသစ်လေ။ ပို့နဲ့တစ်ခန်း တည်းနေတယ်။ သူလည်း ပို့လိုပဲ နယ်ကလာတာ"

"သြော်… သြော်…သြော်…"

"အန်ကယ်လေးက အသစ်တွေနဲ့ ကားကြီးရိုက်ဖို့ စီစဉ်နေတယ်ဆို"

"သတင်းက မြန်လှချည်လား"

"ကိုလေပွေနဲ့ပဲဆို"

“ဟုတ်တယ်၊ လေပွေနဲ့ အသစ်ကလေး သုံးယောက်နဲ့ လုပ်ဖို့ ချိန်နေတာ။ ဇာတ်က ကောင်းနေတယ်လေ။ ကားကြီးဆိုတော့ အက်တာကို ဂရုစိုက်နေတာ”

“ရှာလို့ရသွားပြီလားဟင်”

“မရသေးဘူး”

“ဒါဆို ပန်တို့ကို ခဏလောက် သုံးကြည့်ပါလားဟင် ဦး”

ထိုသို့ပြောလာသော မိန်းကလေးကို သူက မျက်ခုံးလေးပင့်၍ ကြည့်လိုက်သည်။ အသားဖြူဖြူလေးနှင့် နုနုလေး လှနေသည်။ ဆံပင်တိုတိုလေးကို ပုံကျကျလေး ဖန်တီးထား ၏ ။

“ပျို့ကိုရောနော် အန်ကယ်လေး”

“ဟုတ်ပါပြီဗျာ…ကောင်းပါပြီ…”

ဟုဆိုပြီး ရိုက်နေသော ရှုတင်ဘက် ပြန်လှည့်လိုက်သည်။

“ကဒ်…ကဲ အိုကေပြီ၊ အားလုံးနားမယ်။ ထမင်းစားပြီး ပြန်ဆက်ရိုက်မယ်”

ဟုဆိုပြီး ဒါရိုက်တာကြီးက မော်နီတာကို ပိတ်လိုက်၏ ။

“ကိုလေးလွင်”

သူအသံမြှင့်ပြီး ခေါ်လိုက်သည်။ ကိုလေးလွင်ဆိုသော ဒါရိုက်တာကြီးက သူ့ထံကြည့် လာ၏ ။ ပြီးနောက် လည်ကုပ်ပေါ် ပတ်ထားသော တဘက်ကိုကိုင်ကာ သူ့ထံလျှောက် လာ၏ ။

ဒါရိုက်တာကြီးရောက်လာသည်နှင့် တစ်ပြိုင်နက် ခုံတစ်လုံးက အသင့်ခင်းပြီးသား အဆင်သင့်ဖြစ်နေပါပြီ။

“သူ့ကိုတော့ ကိုလေးလွင်သိမှာပါ”

"သိပါတယ်၊ ဆပ်ပြာမှုန့်ကြော်ငြာမှာ တစ်ခါဆုံဖူးတယ်၊ ပျိုကညာမဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါရိုက်တာကြီးကလည်း စိမ်းကားလိုက်တာ၊ တစ်ခါမှကို ခေါ်မရိုက် ဘူး"

မင်းသမီးပီပီ မူနွဲ့နွဲ့ပြောလာပါသော်လည်း ဒီအထာမျိုး ရိုးနေပုံရသော ကိုလေးလွင် က ပြုံးတုံးတုံးလေး တုန့်ပြန်၏။

"သူက ပန်ခီပယ်တဲ့၊ အသစ်လေ"

"ဟုတ်ကဲ့ပါဗျာ၊ ကြိုဆိုပါတယ်"

ဒါရိုက်တာကြီးက လက်ဆွဲနှုတ်ဆက်လိုက်သည်။ လက်တွဲလုပ်လာတာကြာပြီဖြစ် သော ဂီရ၏ မျက်နှာကဲကို ဖတ်တတ်နေ၍ ပန်ခီပယ်ကို လှိုက်လှဲတကင်း ကြိုဆိုမိသည်။ ပျိုကညာ မျက်နှာပျက်သွားသည်။ သို့သော် ဟန်လုပ်ပြုံးနေသည်။

"ကိုလေးလွင်၊ လာမယ့် ကားကြီးမှာ သူတို့နှစ်ယောက်ကို ထည့်သုံးချင်တယ်"

"ဟာ ဘယ်လိုလုပ်ဖြစ်နိုင်မလဲ ကိုဂီရရယ်၊ ပြည့်နေပြီလေ။ အက်တာတွေကလည်း ချိတ်ပြီးကုန်ပြီ"

"ထပ်ထည့်ဗျာ၊ လေပွေနဲ့အရင်တစ်ခါညှိခဲ့တဲ့ ပထမရည်းစားအဖြစ် ပန်ခီပယ်ကို ထပ်ဖြည့်ပေး။ ပျိုကညာကို ပန်ခီပယ်ရဲ့ သူငယ်ချင်းနေရာက ထည့်လိုက်"

"ဟာ အာစရိ၊ ခင်ဗျားတော့ လုပ်ပြီဗျာ။ ဂဏန်းငြိမ်ပြီးသားကိစ္စကြီးကို"

"နှစ်ဆင်းလောက်ပဲ ထပ်ဖြည့်ခိုင်းတာပါဗျာ။ ပြီးရင် တစ်ခန်းစနှစ်ခန်းစ အရှုပ်တော် ပုံထဲ ထည့်ပေး။ အဓိကက သူတို့နှစ်ယောက်ကို ပရိတ်သတ်သိသွားဖို့ပဲ။

ရပါတယ်ဗျာ... ဒါတွေ ခင်ဗျား ကျွမ်းပါတယ်”

“အာစရိရာ၊ စောစောက မစီးဘူး။ နောက်သုံးရက်ဆိုရင်ပဲ ရိုက်ကွင်းတည်တော့ မယ်။ ဇာတ်ညွှန်းက ဘယ်လိုပြောင်းမလဲ”

“ရပါတယ်ဗျာ ဇာတ်ညွှန်းက ကိုမြင့်မောင်မဟုတ်လား။ အဲဒါ ခင်ဗျားလူပါ၊ ခင်ဗျား ပိုင်ပါတယ်”

“ပြီးရောဗျာ၊ ပြီးရော ဗိုက်တောင် ချောင်ချင်လာပြီ”

“မပူပါနဲ့ဗျာ ဒီည ခင်ဗျားကို ဒကာခံပါ့မယ်”

ထိုသို့ပြောလိုက်တော့မှ ပွစိစိဖြစ်နေသော ဒရိုက်တာ၏ နှာခေါင်းကြီးမှာ ပုံမှန်ပြန်ဖြစ် သွားရသည်။

“ကျေးဇူးတင်ပါတယ် ဦး၊ အရမ်းကျေးဇူးတင်ပါတယ်”

“ရပါတယ်ကွာ၊ ကိစ္စမရှိပါဘူး။ သြော်...မနက်ဖြန် ရုံးခန်းမှာ ငွေလာထုတ်ပါ၊ အဝတ် အစား ကြိုပြင်ဆင်လို့ရတာ ပေါ့”

“အန်ကယ်လေးက သိပ်ချစ်ဖို့ကောင်းတာပဲ”

“ညီမလေးတို့လည်း ချစ်ဖို့ကောင်းပါတယ်”

“ဒါဆို သမီးတို့ကို ခွင့်ပြုဦးနော်”

“ကောင်းပါပြီဗျာ၊ ကောင်းပါပြီ။ ဘယ်နေရာက သရုပ်ဆောင်ရမယ်ဆိုတာ မနက်ဖြန် ပြန်ညှိကြတာပေါ့”

“ကျေးဇူးကမ္ဘာပါပဲ ဦးရယ်”

“အေး အေး ... ကောင်းပြီ၊ ညနေစာဝိုင်းရှိတယ်လေ၊ လမ်းကြုံရင်ဝင်ခဲ့ကြ။ ဇာတ် အကြောင်းရော ဆွေးနွေးလို့ရတာ ပေါ့”

“ဘယ်နေရာလဲ အန်ကယ်လေး”

“……. ကိုလေ၊ သိလား”

“သိတယ် သိတယ်၊ ဆက်ဆက်လာခဲ့မယ်”

သွက်လက်မြူးကြွနေသော သဏ္ဍာန်လေး နှစ်ခုမှာ ပျော်ရွှင်စွာထွက်လာကြသည်။

“တွေ့တယ်မဟုတ်လား၊ ဦးဂီရက သဘောကောင်းပါတယ်ဆို။ သူပြီးရင် အားလုံးပြီး တယ်၊ အကုန်အငြိမ်ပဲ”

“ဟုတ်တယ်နော်၊ သိပ်သြဇာညောင်းတာပဲ”

“ဟီးဟီး…ဂမ်းသာစရာပဲ၊ ဒီလိုအခွင့်အရေးမျိုးက ရခဲတယ်သိလား။ လုံးဂလုပ်ပြရ မယ်။ ဒါက ငါတို့တွေတက်ဖို့ ကြိုးတစ်စပဲ။ ဟင်း…နင်က ပိုပြီး ကံကောင်းပါတယ်၊ နောက်မှ လည်းရောက်သေး၊ မင်းသားနဲ့တွဲရမယ်။ ငါတော့ သူငယ်ချင်းနေရာတဲ့။ ဘယ်ကပါပါ, ပါ။ ကြိုးစားပြရမယ်”

“ရေကန်အသင့် ကြာအသင့်ပဲနော်”

“ရေနစ်သေနေဦးမယ်”

“နင်ကလည်း နိမိတ်မရှိ”

“ဘာပဲဖြစ်ဖြစ် ငါတော့ ပျော်တယ်ဟ၊ ငါတို့က အချိန်ကောင်းရောက်သွားလို့သာ ခွင်ကျသွားတာနေနော်။ အန်ကယ်လေး စိတ်မပြောင်းခင် အသေတွယ်ကပ်ထားမှ”

“ဦးဂီရက ချောတယ်နော်၊ ငါ့စိတ်ကူးထဲက မင်းသားလေးလိုပဲ”

ပန်ခီပယ်က ဘာရယ်မဟုတ်ဘဲ လွှတ်ခနဲ ပြောမိလိုက်တယ်ဆိုပေမယ့် ပျိုကညာ၏ အကြည့်စူးစူးတစ်ခုကို လက်ခံရရှိလိုက်သည်။

ပျိုကညာ့ရင်ထဲ ဘာတွေရှိနေပြီလဲ။

***